ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
သီးနှံကာကွယ်ရေးဌာနခွဲ

စာအမှတ်၊ ပမဖ-၅/ ၂၀၂၃ ( ၆၀၆ )
ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်

အကြောင်းအရာ။ **ပိုးသတ်ဆေးဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီစနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်နိုင်ရေးလိုက်နာရမည့်လုပ်ငန်းစဉ်များကိုညွှန်ကြားချက်ထုတ်ပြန်ခြင်း**

**၁။** ဓါတုပိုးသတ်ဆေးများ နှင့် ပါဝင်ပတ်သက်သူ (ရောင်းချသူ၊ သုံးစွဲသူ) တိုင်းသည် ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်များကို ရှောင်ကြဉ်နိုင်ရေးအတွက် ပိုးသတ်ဆေးဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် **စစ်ဆေးရေးမှူးများ**သည် ပိုးသတ်ဆေးဥပဒေ ပုဒ်မ (၂၂)ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၏ဈေးကွက်များရှိပိုးသတ်ဆေးများစီမံ ခန့်ခွဲမှုနှင့်ပတ်သက်၍ တနစ်တကျ ဆောင်ရွက်နိုင်ရန်စစ်ဆေးရေးမှူးများအနေဖြင့်စစ်ဆေးရမည့်လုပ်ငန်းစဉ်များ အောက်ပါအတိုင်း ဆောင်ရွက်ရန်သတ်မှတ်လိုက်သည်။

**စစ်ဆေးရေးမှူးများမှ တရားမဝင်ပိုးသတ်ဆေးများကို စီမံခန့်ခွဲ၍ ပိုးသတ်ဆေးဥပဒေနှင့်အညီ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ**

၁။ **ပိုးသတ်ဆေးဥပဒေဆိုင်ရာများနှင့်စပ်လျဉ်း၍အောက်ပါဘာသာရပ်များကို အသိပညာပေးသင်တန်းများ ဆောင်ရွက်ခြင်း (ပင်ရင်းဒိုင်များ၊လက်လီလက်ကားရောင်းချနေသူများထံ)**

(က) ပိတ်ပင်ထားသောပိုးသတ်ဆေးများ၊ ကန့်သတ်ထားသော ပိုးသတ်ဆေးများနှင့် အဆိပ်အန္တရာယ်မြင့်မားသော ပိုးသတ်ဆေးများအကြောင်း သိကောင်းစရာ

(ခ) ပိုးသတ်ဆေးဥပဒေနှင့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊

(ဂ) ပိုးသတ်ဆေးများကို စနစ်တကျသိုလှောင်ဖြန့်ဖြူးစွန့်ပစ်ခြင်း

(ဃ) တရားမဝင် ပိုးသတ်ဆေးများ၏ ဆိုးကျိုးများနှင့် တရားမဝင် ဖမ်းဆီးရမိသည့် ဖြစ်စဉ်များနှင့် စစ်ဆေးအရေးယူမှုများအခြေအနေ

(င) ပိုးသတ်ဆေးများကို လုံခြုံစိတ်ချစေရန် စနစ်တကျ ကိုင်တွယ်အသုံးပြုခြင်း

(စ) တရားဝင်ရောင်းချနေသည့် ပိုးသတ်ဆေးတွင်ပါဝင်ရမည့် အညွှန်းစာပါ အချက်အလက်များ

(ဆ) ပိုးသတ်ဆေးသုံးစွဲသူများ လိုက်နာရမည့် စည်းကမ်းများနှင့် အရေးယူမှုများ

## ၂။ ပိုးသတ်ဆေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးရမည့် လုပ်ငန်းစဉ်များ

**(က)** ပိုးသတ်ဆေးဥပဒေပုဒ်မ (၂၀)၊ ပုဒ်မခွဲ(ဃ) အရ **ခရိုင်ဦးစီးမှူး**သည် မြို့နယ်ဦးစီးမှူးနှင့် စစ်ဆေးရေးမှူးများ၏ ဆောင်ရွက်ချက်များကို သတ်မှတ်ချက်နှင့်အညီ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းတို့ ပြုလုပ်ရမည်ဟူ၍ ပြဋ္ဌာန်းထားပါသည်။

**(ခ)** သို့ဖြစ်ပါ၍ စစ်ဆေးရေးမှူးများနှင့် **မြို့နယ်ဦးစီးမှူး**တို့သည် ပိုးသတ်ဆေးဆိုင်များကို စစ်ဆေးရာတွင် ခရိုင်ဦးစီးမှူး၏ ခွင့်ပြုချက်ကိုရယူပြီး ခရိုင်ဦးစီးမှူး၏ ကြီးကြပ်မှုယူရမည် ဖြစ်ပါသည်။ ဤသို့ စစ်ဆေးရာတွင် မြို့နယ်ဦးစီးမှူးအပါအဝင် စစ်ဆေးရေးမှူးအဖွဲ့ဖြင့် ကွင်းဆင်း စစ်ဆေးရမည်ဖြစ်ပါသည်။

**(ဂ)** **စစ်ဆေးရေးမှူးများ**သည် ပိုးသတ်ဆေးဥပဒေ ပုဒ်မ (၂၂)ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များ အတိုင်း လိုက်နာဆောင်ရွက်ရမည်။

**(ဃ) စစ်ဆေးရမည့်အကြောင်းအရာများ(Check lists)**

- (i) ပိုးသတ်ဆေးလက်လီ/လက်ကားရောင်းချခွင့်လိုင်စင်ရှိ/မရှိနှင့်သက်တမ်းလွန်/မလွန်
- (ii) မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့မှ ခွင့်ပြုထားသောဆေးများဟုတ်/မဟုတ်
- (iii) အညွှန်းစာပါဖော်ပြချက်များ မှန်/မမှန်
- (iv) သက်တမ်းလွန်သော ပိုးသတ်ဆေးများ ဟုတ်/မဟုတ်
- (v) ပိုးသတ်ဆေးများကို အန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်ခြင်း၊ သိုလှောင်ခြင်း ရှိ/မရှိ
- (vi) ပိုးသတ်ဆေးသိုလှောင်သည့်သိုလှောင်ရုံ၏မြင်သာသောနေရာတွင်"အန္တရာယ်ရှိသည်" ဟူသောစာတမ်း ချိတ်ထားခြင်း ရှိ/မရှိ
- (vii) ပိုးသတ်ဆေးကို လူနေအိမ်ခန်းများအတွင်း သိုလှောင်ထားခြင်း ရှိ/မရှိ
- (viii) ပိုးသတ်ဆေးများကိုအစားအသောက်များ၊ဆေးဝါးများ၊လူသုံးကုန်၊အလှကုန် များနှင့် အတူရောင်းချခြင်းရှိ/မရှိ
- (ix) အညွှန်းစာမပါရှိသောဆေးများ ရောင်းချခြင်း ရှိ/မရှိ
- (x) စိုက်ပျိုးရေးဆေးဆိုင်များသည်ပင်ရင်းမည်သည့်ဆိုင်မှတစ်ဆင့်ပိုးသတ်ဆေးများဝယ်ယူခြင်း၊ပြန်လည်ရောင်းချခြင်းမှတ်တမ်းများကိုပြေစာများဖြင့်စစ်ဆေးခြင်း
- (Xi) တရားဝင်တင်သွင်းခွင့် ရှိသောဆေးများ ဟုတ်/မဟုတ်
- (Xii) ပိုးသတ်ဆေးထုတ်ပိုးခွံများနှင့်သက်တမ်းလွန် ပိုးသတ်ဆေးများအားစနစ်တကျစွန့်ပစ်/ ဖျက်ဆီးခြင်းရှိ/ မရှိ
- (Xiii) ဥပဒေ၊စည်းမျဉ်း၊လုပ်ထုံးလုပ်နည်း၊ညွှန်ကြားချက်ကိုလိုက်နာခြင်းရှိ/မရှိ၊နည်းလမ်း မှန်ကန်စွာ သုံးစွဲခြင်းရှိ/မရှိ၊

## (င) စစ်ဆေးအရေးယူဆောင်ရွက်မည့်အစီအစဉ်

ပိုးသတ်ဆေးစစ်ဆေးရေးမှူးများသည် **တရားမဝင်ပိုးသတ်ဆေးများ၊ ပိုးသတ်ဆေးအတုများ**တွေ့လျှင် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

(i) ပထမအကြိမ်အဖြစ်ယင်းပိုးသတ်ဆေးများသည်တရားမဝင်ပိုးသတ်ဆေးများဖြစ် ကြောင်းပညာပေးပြောကြားပြီးမှတ်မိသလောက်ပမာဏအတိုင်းအတာတစ်ခုကိုသိမ်းဆည်းရန်(ဥပမာ– ဆေးတစ်မျိုးလျှင်တစ်ပုလင်း/ထုတ်စီ)၊ သိမ်းဆည်းသည့်ပိုးသတ်ဆေးများကိုသိမ်းဆည်းပုံစံအတိုင်းအမည်စာရင်းပြုစု၍ဤကဲ့သို့သိမ်းဆည်းရခြင်းအကြောင်းကိုရေးကာဥပဒေနှင့်မညီညွတ်၍သိမ်းဆည်းခြင်းဖြစ်သည်ကို ဆိုင်ရှင်အားသိရှိပါကြောင်း၊ကတိဝန်ခံချက်လက်မှတ်ရေးထိုးစေပြီးတစ်စောင်ကိုမိမိလက်ခံထားပြီးတစ်စောင်ကိုဆိုင်ပိုင်ရှင်ထံပေးခဲ့ရန်(မြို့နယ်၊ခရိုင်၊တိုင်းဒေသကြီး/ပြည်နယ်မှတစ်ဆင့်ရုံးချုပ်သို့အဆင့်ဆင့်အစီရင်ခံစာ တင်ပြရန်)

(ii) ဒုတိယအကြိမ်အဖြစ်အခါအားလျော်စွာထပ်မံစစ်ဆေးပြီးယခင်သိမ်းဆည်းခဲ့သည့်ပိုးသတ် ဆေးများထပ်မံတွေ့ခဲ့လျှင်**အားလုံးကိုသိမ်းဆည်းရန်**(ယခင်သိမ်းဆည်းပိုးသတ် ဆေးများသည်တရားမဝင်ပိုးသတ်ဆေးများဖြစ်ကြောင်းသိမ်းဆည်းပုံစံဖြင့်ဖြည့်စွက်၍ဆိုင်ပိုင်ရှင်အားလက်မှတ်ရေးထိုးစေရပါမည်။

(iii) သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးသို့မဟုတ်စစ်ဆေးရေးမှူးများသည်သိမ်းဆည်းခဲ့သောတရားမဝင်ပိုးသတ်ဆေးများကို သိမ်းဆည်းသည့်အရေအတွက်အထောက်အထားသိမ်းဆည်းပုံစံစာရွက်များနှင့်အတူပိုးသတ်ဆေးအရည်အသွေးစစ်ဆေးရန်နမူနာကိုနမူနာရယူသည့်လက်မှတ်မိတ္တူအတူ စိုက်ပျိုးရေးဦးစီးဌာန၊သီးနှံကာကွယ်ရေးဌာနခွဲ၊ပိုးသတ်ဆေးဓာတ်ခွဲခန်းသို့မူလအခြေအနေအတိုင်းရောက်ရှိရန်ပေးပို့ရမည်။(ပိုးသတ်ဆေးဥပဒဆိုင်ရာလုပ်ထုံးလုပ်နည်းများအပိုဒ်(၄၇)

( iv ) စိုက်ပျိုးရေးဦးစီးဌာန၊သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးသတ်ဆေးဓာတ်ခွဲခန်းသည်ပိုးသတ်ဆေးအရည်အသွေး စစ်ဆေးပြီးနောက်စစ်ဆေးတွေ့ရှိချက်သက်သေခံလက်မှတ်ကို **ပုံစံ(၁၃)**ဖြင့်သက်ဆိုင်ရာဦးစီးမှူးသို့မဟုတ်စစ်ဆေးရေးမှူး၊နမူနာပိုင်ရှင်တို့ထံတစ်စောင်စီထုတ်ပေးရမည်။အရည်အသွေးမမှန်ကန်ကြောင်း၊လျော့နည်းကြောင်းစစ်ဆေးတွေ့ရှိလျှင်ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သို့အမြန်ဆုံးတင်ပြရမည်။(ပိုးသတ်ဆေးဥပဒဆိုင်ရာလုပ်ထုံးလုပ်နည်းများအပိုဒ်(၄၈)

(v) တတိယအကြိမ်အဖြစ်အခါအားလျော်စွာစစ်ဆေး၍ယခင်သိမ်းဆည်းခဲ့သည့်ပိုးသတ်ဆေးများဆက်လက်ရောင်းချနေလျှင် ပိုးသတ်ဆေးဥပဒေပုဒ်မ(၂၁)အရ မြို့နယ်ဦးစီးမှူးသည် –

ပုဒ်မခွဲ(က)အရ၊ မိမိမြို့နယ်အတွင်းရှိပိုးသတ်ဆေးရောင်းချသူများလက်ဝယ်ရှိပိုးသတ်ဆေးများကို စစ်ဆေးခြင်း၊ နမူနာရယူခြင်းပြု နိုင်သည်။

ပုဒ်မခွဲ (ခ) အရ၊ ပိုးသတ်ဆေးကိုလိုင်စင်ပါစည်းကမ်းချက်နှင့်အညီမဟုတ်ဘဲရောင်းချ ခြင်း

**ကိုစစ်ဆေးတွေ့ရှိပါက**စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူနိုင်ရန် သက်ဆိုင်ရာခရိုင်ဦးစီးမှူးထံ တင်ပြရမည်။

သက်ဆိုင်ရာခရိုင်**ဦးစီးမှူး**သည်ပိုးသတ်ဆေးဥပဒေပုဒ်မ(၂၈)အရစီမံခန့်ခွဲနည်းလမ်းဖြင့် လိုင်စင်ရုတ်သိမ်းရေး၊ပိုးသတ်ဆေးလက်ကျန်များကိုသိမ်းယူဖျက်ဆီးရေး၊ဒဏ်ငွေပေးဆောင်စေရေး အတွက်ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်မှ တဆင့်ရုံးချုပ်သို့အဆင့်ဆင့် အစီရင်ခံစာတင်ပြရန်(သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ဌာနဆိုင် ရာအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ရန်) ဖြစ်ပါသည်။

(vi) ပိုးသတ်ဆေးဥပဒေပုဒ်မ(၃၁)အရ**ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၏ခွင့်ပြုချက်ဖြင့်မှတ်ပုံ တင်ထားခြင်းမရှိသောပိုးသတ်ဆေးများကို တရားမဝင် တင်သွင်းရောင်းချနေခြင်း**ကို စစ်ဆေး တွေ့ရှိပါက ပိုးသတ်ဆေးဥပဒေပုဒ်မ (၃၉)ပါ ပြစ်မှုပြစ်ဒဏ်များနှင့်အညီ တရားစွဲဆို၍ သက် သေခံပစ္စည်းများကို သိမ်းဆည်းခြင်းများ ပြုလုပ်၍ပြစ်မှုကျူးလွန်သူများကိုပိုးသတ်ဆေးဥပဒေအရပြစ်မှုပြစ်ဒဏ်များအရတရားစွဲဆိုအရေးယူခြင်းများဆောင်ရွက်ရမည်ဖြစ်ပါသည်။

(vii) တစ်နည်းနည်းဖြင့်စစ်ဆေးတွေ့ရှိရသောပိုးသတ်ဆေး၊အဆိပ်ရှိပစ္စည်းသို့မဟုတ် အကြောင်း တစ်ခုခုကြောင့်စွန့်ပစ်ရန်ရှိသော ပိုးသတ်ဆေး၊ အဆိပ်ရှိပစ္စည်း သို့မဟုတ် ထုပ်ပိုး ပစ္စည်းများနှင့်စပ်လျဉ်း၍ဖျက်ဆီးစွန့်ပစ်ခြင်းတို့ကိုညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ပေးရမည်။(ပိုးသတ်ဆေးဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် (၄၉))

26.6.2023

(ဇော်လင်း)

ညွှန်ကြားရေးမှူး

ဒု-တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး၊--------------------တိုင်းဒေသကြီး/ ပြည်နယ်
စိုက်ပျိုးရေးဦးစီးဌာန

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)၊ စိုက်ပျိုးရေးဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ)၊ စိုက်ပျိုးရေးဦးစီးဌာန
တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး၊--------------------တိုင်းဒေသကြီး/ ပြည်နယ်၊
စိုက်ပျိုးရေးဦးစီးဌာန
ရုံးလက်ခံ

**ပိုးသတ်ဆေးဥပဒေအရ တရားမဝင်သည့် ပိုးသတ်ဆေးများကို သိမ်းဆည်းမည့်သိမ်းဆည်းပုံစံ**

| အမှတ်စဉ် | ရရှိသည့် အရောင်းဆိုင်/ကုမ္ပဏီ အမည် | ပိုးသတ်ဆေး အမည် | အဆိပ်ရှိ ပစ္စည်း | ပိုးသတ်ဆေး မှတ်ပုံတင်အမှတ် | ထုတ်ပိုး အရွယ်အစား (ဂရမ်/လီတာ) | အရေအတွက်(ထုတ်/ပုလင်း/ဂျပ်ဖာ | အညွှန်းစာ ပါ/မပါ | တွေ့ရှိချက် |
| --- | --- | --- | --- | --- | --- | --- | --- | --- |
| | | | | | | | | |

ဤပိုးသတ်ဆေးများကို ပိုးသတ်ဆေးဥပဒေပုဒ်မ ၂၅(ဂ)အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူလိုက်သည်။

အလားတူ ပိုးသတ်ဆေးများ ထပ်မံတွေ့ရှိရပါက အချိန်မရွေးထပ်မံပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ကြောင်း  အသိပေးအပ်ပါသည်။

ဆိုင်ရှင်လက်မှတ်　　　　စစ်ဆေးသူလက်မှတ်　　　　အသိသက်သေလက်မှတ်